# Myanma Oil and Gas Enterprise (M.O.G.E)

(/eng/index.php/about-ministry/myanma-oil-and-gas-enterprise/2015-09-11-20-49-53?tmpl=component&print=1) (/eng/index.php/component/mailto/?tmpl=component&template=shaper_newsplus&link=9b92ca4faddf28852cc3592f6cddc3beb8acb8ce)

## About M.O.G.E

မြန်မာနိုင်ငံသည် မြေပေါ်သယံဇာတများအဖြစ် သစ်တောများ၊ မြေဆီမြေနှစ်ကောင်းမွန်သည့် လယ်ယာ မြေများကိုလည်းကောင်း၊ မြေအောက်သယံဇာတများအဖြစ် တွင်းထွက်ကျောက်မျက်ရတနာ၊ သတ္တုအမျိုးမျိုး၊ (ကုန်းတွင်း) ရေနံနှင့်သဘာဝဓာတ်ငွေ့များ ကိုလည်းကောင်း၊ ရေအောက်သယံဇာတများအဖြစ် ငါး၊ ပုဇွန်၊ (ကမ်းလွန်)ရေနံနှင့် သဘာဝဓာတ်ငွေ့များကိုလည်းကောင်း ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်ပါသည်။ ရေနံနှင့်သဘာဝ ဓာတ်ငွေ့သည် မြန်မာနိုင်ငံ၏ မြေအောက်နှင့်ရေအောက် သဘာဝသယံဇာတ အရင်းအမြစ်များပင် ဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်ချက်မှာ အရှိန်အဟုန်ဖြင့် မြင့်မား လာသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ပြောင်းလဲအကောင် အထည်ဖော်ခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု အသစ်များ ပေါ်ပေါက်လာကာ တည်ဆောက်ရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက် လာပြီး၊ စွမ်းအင်လိုအပ်ချက်ပမာဏမှာလည်း တိုးမြင့် လာပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ကဏ္ဍအ သီးသီးတို့၌ ဟန်ချက်ညီညီ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ် ဖြည့်ဆည်းပေးရန် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒ (၈)ရပ်၊

ရည်မှန်းချက် တာဝန် (၈)ရပ်နှင့် လုပ်ငန်းစဉ် (၁၀)ရပ်တို့နှင့်အညီ ဖြည့်ဆည်းဆောင် ရွက်ပေးလျက်ရှိပေသည်။

Read **646** times

Rate this item (0 votes) font size

Tweet Like Be the first of your friends to like this. G+1

More in this category: Myanma Oil and Gas Enterprise (M.O.G.E) » (/eng/index.php/about-ministry/myanma-oil-and-gas-enterprise/moge-history)

MOST VIEWED VIDEO

Joint Venture Project for Importation, Storage, Distribution and Sales of Petroleum Products (JVP) (/eng/index.php/about-ministry/myanma-oil-and-gas-enterprise/2015-09-11-20-49-53/item/540-joint-venture-project-for-importation-storage-distribution-and-sales-of-petroleum-products-jvp)

Monday, 13 July 2015

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (MOGE) (/eng/index.php/about-ministry/myanma-oil-and-gas-enterprise/2015-09-11-20-49-53/item/541-moge)

Monday, 13 July 2015



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနိဒါန်း (/eng/index.php/about-ministry/myanma-oil-and-gas-enterprise/2015-09-11-20-49-53/item/548-foreign-investment-law)

Monday, 13 July 2015

(/eng/index.php/about-ministry/myanma-oil-and-gas-enterprise/2015-09-11-20-49-53/item/548-foreign-investment-law)